ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
**ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)**

## "ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း"

၁။ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် M.C.Sc. /M.C.Tech. /M.I.Sc. ဘွဲ့သင်တန်း ၊ B.C.Sc./ B.C.Tech. ဘွဲ့သင်တန်း နှင့် D.C.Sc ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာသင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၏ (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ဘွဲ့နှင်းသဘင်ခန်းမတွင် (၁၆.၂.၂၀၂၄)ရက် (သောကြာနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် (၁၇.၂.၂၀၂၄)ရက် (စနေနေ့) တွင် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်(၃)လအတွင်း ရိုက်ကူးထားသော အလျား ၁.၅"x အနံ ၂" အရွယ် ဓါတ်ပုံ(၃)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာ ဖော်ပြလျက် ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ( ၁၉ ) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင်ငါးရာတိတိ)၊အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ငွေစာရင်းဌာနတွင်ပေးသွင်းရမည်။

၄။ တက်ရောက်လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၅။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal money order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟုဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာ ဖော်ပြရမည်။

(ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်ကို ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ် **၀၉-၆၇၉၆၃၃၁၀၁/ ၀၉-၄၀၇၆၂၅၅၃၃** သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)**